သင်ခန်းစာ (၁၄)

# **Stereo type** (Part-B)
ရှေးရိုးစွဲပုံစံခွက် (အပိုင်း–ခ)

ရည်ရွယ်ချက်

- လူသားများအပေါ် မွေးလာကတည်းက ဝိုင်းဝန်းသတ်မှတ်ပေးလေ့ရှိသော ကျား၊ မ ပုံစံခွက်သတ်မှတ်မှုများကို ဖော်ထုတ်တတ်စေရန်၊
- ထိုသတ်မှတ်ချက်များ၏ အကျိုးသက်ရောက်မှုအား အမျိုးသား၊ အမျိုးသမီးများ ကွဲပြားစွာခံစားရမှုများကို သတိပြုမိစေရန်၊
- ထိုပုံစံသွင်းခံရမှု ပပျောက်အောင် မိမိတဦးချင်းအနေဖြင့် စတင်လုပ်ဆောင်နိုင်မည့်အချက်များအား ရှာဖွေတတ်စေရန်။

## **Activity** (လှုပ်ရှားမှု)

(၁) သင်တန်းသားများကို အုပ်စုငယ်များခွဲ၍ အသီးသီးနေရာချပေးပါ။

(၂) အဖွဲ့များနေရာယူပြီးပါက အဖွဲ့တဖွဲ့စီကို မွေးကာစ မိန်းကလေး၊ ယောကျ်ားလေးအမွှာမောင်နှမနှစ်ယောက်အတွက် အဓိပ္ပာယ်ကောင်းမွန်သည့် အမည်တခုစီပေးရန် စေခိုင်းပါ။ အဖွဲ့တဖွဲ့စီလျှင် မိန်းကလေး အတွက်အမည်တခု၊ ယောကျ်ားလေးအတွက် အမည်တခုပေးရမည်ဖြစ်ပြီး ထိုအမည်များသည် ကလေး နှစ်ယောက်စလုံးအတွက် အဓိပ္ပာယ်ကောင်းရှိသော အမည်များဖြစ်ရမည်။

(၃) အဖွဲ့လိုက်မိမိတို့ပေးထားသောအမည်များကို သင်ပုန်းတဖက်တချက်စီမှာကပ်စေပြီး ဘာကြောင့် ထိုအမည်များကို ရွေးချယ်ပေးရကြောင်း အဓိပ္ပာယ်ကို အခြားသူများအား ပြန်လည်ရှင်းပြခိုင်းပါ။ အကယ်၍ ထိုအမည်များထဲတွင် သာမန်မိန်းကလေးအမည်မျိုးမဟုတ်ဘဲ ဦးဆောင်မှုအဓိပ္ပာယ်၊ ရဲရင့်ပြတ်သားသတ္တိရှိသောအဓိပ္ပာယ် များပါနေပါက မိန်းကလေးအတွက်မသင့်တော်ဟုဆိုကာ ယောကျ်ားလေးဖက် ပြောင်းကပ်ခိုင်းပါ။ သင်တန်းသားများက ပြောင်းကပ်ရန်ငြင်းဆိုပါကလဲ သင်တန်းပို့ချသူက လက်မခံဟု ဆိုကာပြောင်းကပ်ပါ။ ထို့အတူ ယောကျ်ားလေးအမည်များထဲတွင် နူးညံ့ပျော့ပြောင်းသောအမည်များ ပါနေပါက အခြားတဖက်သို့ပြောင်းကပ်ခိုင်းပါ။

(၄) ဒုတိယအဆင့်တွင် ကလေးကစားသည့်ပစ္စည်းများပါသည့် ရုပ်ပုံကားချပ်များကို ချထားပါ။ ထိုရုပ်ပုံများ ထဲတွင်အများက မိန်းကလေးကစားစရာဟုသတ်မှတ်ထားသော ကော်ပတ်ရုပ်၊ အိုးပုတ်၊ ဘီး၊ ဝက်ဝံရုပ် များနှင့် ယောကျ်ားလေးကစားစရာဟုသတ်မှတ်ထားသော စစ်သားရုပ်များ၊ သေနတ်များ၊ ဆောက်လုပ်ရေး ပစ္စည်းများ စသည်တို့ပါပါစေ၊ အဖွဲ့လိုက်ထိုပုံများထဲမှာ မိမိတို့အမည်မှည့်ပေးထားသော ကလေး နှစ်ယောက်အတွက် မွေးနေ့လက်ဆောင်တခုစီရွေးခိုင်းပါ။

(၅) ထိုရွေးထားသောလက်ဆောင်များကို အဖွဲ့လိုက် အုပ်စုကြီးတွင်ပြန်ပြ၍ ဘာကြောင့် ထိုလက်ဆောင်ကို မိန်းကလေးနဲ့ယောကျ်ားလေးအတွက် ခွဲခြားရွေးထားကြောင်းရှင်းပြခိုင်းပါ။ ထိုကလေးနှစ်ယောက်ကို ဘာရည်ရွယ်ချက်နှင့် ဆုများတောင်းပေးမလဲကိုပါ ပြောပြခိုင်းပါ။ အကယ်၍ မိန်းကလေးကို အိမ်ဆောက်သည့်ပစ္စည်းကဲ့သို့ ယောကျ်ားလေးကိုအများဆုံးပေးလေ့ရှိသည့် အရာများပေးပါက အထက်ကကဲ့သို့ ပြောင်းခိုင်းပါ။

## **Discussion** (အပြန်အလှန်ဆွေးနွေးခြင်း)

– အဖွဲ့လိုက်ပေးထားသော မိန်းကလေး၊ ယောကျ်ားလေးအမည်များ၊ လက်ဆောင်များ၊ ဆုတောင်းချက် များကို သင်ပုန်းပေါ်တွင် ကပ်ထား၍ သင်တန်းသားများ ဘယ်လိုခံစားမိသလဲ။ ဘာတွေတွေးမိသလဲမေးပါ။
– ထိုအချက်များက မိန်းကလေးများကို ဘယ်လိုပုံစံမျိုးဖြစ်အောင် ပုံစံခွက်များချပေးနေသလဲ။ အမျိုးသားများကိုရော ဘယ်လိုပုံစံမျိုးဖြစ်အောင် လုပ်ဆောင်ပေးနေသလဲ မေးပါ။
– ထိုပုံစံသွင်းမှုများကြောင့် အမျိုးသမီးနှင့် အမျိုးသားများအပေါ် ဘယ်လိုသက်ရောက်မှုရှိစေနိုင်သလဲမေးပါ။ ထိုမေးခွန်းအပေါ်ဖြေကြားချက်များအား အမျိုးသမီးသေတ္တာနှင့်အမျိုးသားသေတ္တာ နှစ်ပုံထဲတွင် ခွဲခြား၍ ထည့်ရေးပါ။

**Input** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

- ထိုရေးရိုးစွဲပုံစံခွက်သေတ္တာနှစ်လုံးကို ဝိုင်းဝန်းတည်ဆောက်ပေးနေသောအရာများသည် မိသားစုအဆင့်တွင် မိမိ၏ မိသားစုများ၊ ပတ်ဝန်းကျင်အဆင့်တွင် တချို့ ဘာသာရေးဆုံးမမှုများနှင့် ရိုးရာအစွဲအလမ်းများ၊ ထုံးထမ်းစဉ်လာများ၊ သတင်းဖျော်ဖြေရေးအစီအစဉ်များ၊ နိုင်ငံတော်အဆင့်တွင် ပညာရေးစနစ်များ၊ တရားဥပဒေများ စသည်တို့ဖြစ်ပြီး ထိုအရာများ တခုနှင့်တခုဆက်စပ်မှုများကို ရှင်းပြပါ။

- လူ့ဘဝအတွက်အရေးကြီးလှသည့် ထိုအရာများက အမျိုးသားများနှင့် အမျိုးသမီးများအတွက် ပုံစံခွက်များကိုစနစ်တကျပုံသွင်းနေသောကြောင့် ကျားမခွဲခြားသောအမြင်အစွဲများသည် အမျိုးသားများနှင့် အမျိုးသမီး နှစ်မျိုးစလုံးအကြားတွင် ခိုင်မြဲနေသည်အကြောင်း ရှင်းပြပါ။

- ထို့နောက်အစွဲများမိမိထံတွင် ဘယ်လောက်ကင်းပြီဖြစ်ကြောင်းလေ့လာရန် ဉာဏ်စမ်းတခုမေးပါ။

- သားအဖနှစ်ဦးစီးလာသော ကားသည် မတော်တဆတိမ်းမှောက်ပြီး ချောက်ထဲသို့ပြုတ်ကျသွားသည်။ ကားပေါ်တွင်ပါလာသောသားအဖအနက် အဖေဖြစ်သူမှာ ပွဲချင်းပြီးသေဆုံးသွားသည်။ သားဖြစ်သူမှာလဲ ဒဏ်ရာအကြီးအကျယ်ရသွား၍ ဆေးရုံသို့ပို့လိုက်ရသည်၊ ဆေးရုံရောက်သောအခါ ဆေးရုံရှိဆရာဝန်များက ကလေး ဒဏ်ရာပြင်းထန်လွန်းသဖြင့် သူတို့မကုနိုင်ဟုပြောသည်။ သို့သော် မြို့မှအလည်ရောက်လာသော နိုင်ငံခြားပြန်၊ ထိုနိုင်ငံတွင်အထူးကုသမားတော်ကြီးတဦးသာ ကုနိုင်မည်ဖြစ်၍ ထိုသမားတော်ကြီးကို အကူအညီတောင်းရန်အကြံပေးသည်။ ထိုသမားတော်ကြီးထံအကူအညီတောင်းရာ ကုသပေးမည်ဆိုကာ ကားကိုကိုယ်တိုင်မောင်း၍ရောက်လာသည်။ နိုင်ငံတွင်ထင်ရှားကျော်ကြားလှသောသမားတော်ကြီးဖြစ်သဖြင့်ဆေးရုံတရုံလုံးက ထိုသမားတော်ကြီးအား ဝိုင်းဝန်းကြိုဆိုကြသည်။ သမားတော်ကြီးသည် လူနာကလေးကိုတွေ့သောအခါ အံ့အားသင့်သွားသည်။ ထိုကလေးသည် သူ့ကလေးဖြစ်တယ်၊ ကုမပေးနိုင်ဘူးဟု တခွန်းသာပြော၍ လှည့်ထွက်သွားသည်။

- မေးခွန်း–သမားတော်ကြီးနှင့် လူနာကလေးဘာတော်သလဲ။

- အဖြေမှန်မှာ သားအမိဖြစ်သည်။ သင်တန်းသားများအနေဖြင့် ထိုအဖြေကိုဘာကြောင့်မစဉ်းစားနိုင်ကြောင်း ပြန်လည်အဖြေရှာခိုင်းပါ။ နိုင်ငံခြားပြန်၊ နိုင်ငံတွင်အတော်ဆုံးသမားတော်ကြီး၊ လူတိုင်းကကြည်ညိုလေးစားကြသည့် သမားတော်ကြီးနေရာတွင် ဘယ်လိုလူမျိုးကို ပုံဖော်စဉ်းစားထားခဲ့သလဲဟုမေးမြန်းပါ။ ဘာကြောင့် ထိုနေရာတွင် အမျိုးသမီးကို မစဉ်းစားမိသလဲဆိုသည့်အဖြေကို ထုတ်ဖော်ဆွေးနွေးခိုင်းပါ။ တဦးချင်းတွင် ရှိနေသော လိင်ကွဲပြားမှုကိုအခြေခံသည့်ခွဲခြားသည့်အမြင်များကို သိသာအောင်ဆွေးနွေးပါ။ ဘယ်

အကြောင်းအရာတွေကြောင့် အခုလို ခွဲခြားမြင်ခဲ့ရသည့်အကြောင်းရင်းများထွက်ပေါ်လာပါက နောက်ထပ်အဆင့်တဆင့်သို့သွားပါ။

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

- သင်တန်းသားများကို အုပ်စု(၃) စုခွဲ၍ အမျိုးသားနှင့် အမျိုးသမီးတို့အကြားပုံစံခွက်အစွဲများ ဖြစ်ပေါ်လာအောင် ပံ့ပိုးပေးနေသောအရာဖြစ်သည့် ရိုးရာဓလေ့ထုံးစံများ၊ စကားပုံများ၊ သီချင်းများကို အဖွဲ့တဖွဲ့လျှင်တမျိုးစီရှာဖွေခိုင်းပါ။ အကြောင်းအရာတမျိုးကို စာရွက်အပိုင်းတခုစီပေါ်တွင် ရေးခိုင်းပါ။

- သင်တန်းသားများဆွေးနွေးနေစဉ်အတွင်း သင်တန်းပို့ချသူသည် သင်ပုန်းတွင် အမြစ်များပုံပါ သစ်ပင်ပုံတပုံကိုအဆင်သင့်ရေးဆွဲထားပါ။

- ထို့နောက်အဖွဲ့လိုက် ပြန်လည်တင်ပြခိုင်းပါ။

- ဓလေ့ထုံးစံအဖွဲ့တင်ပြချက်စာရွက်များကို သစ်ပင်အမြစ်နေရာတွင်လည်းကောင်း၊ စကားပုံများကို သစ်ပင်၏ပင်စည်တွင်လည်းကောင်း၊ သီချင်းများကို သစ်ပင်ကိုတိုက်ခတ်နေသည့် လေနေရာတွင်လည်းကောင်း ခွဲခြား၍ကပ်ပါ။

- ထိုသစ်ပင်ပုံကိုကြည့်၍ ကျားမခွဲခြားသည့်အမြင်များသည် တနေရာထဲကစ၍ပြောင်းလဲရန်မဖြစ်နိုင်ကြောင်း၊ အမြစ်တွယ်နေသောသစ်မြစ်များကို ခုတ်ပစ်ရန်၊ ပင်စည်ကိုဖြတ်တောက်ရန်၊ အဟာရပေးနေသောလေများကို ရပ်တန့်ပစ်မှ သစ်ပင်သေဆုံးသွားမည်ဖြစ်သလို အစွဲများကို အားပေးနေသည့်အရာများအားလုံးကို ပြောင်းပစ်ရန်လိုကြောင်း ပြောပြပါ။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

ထို့နောက်သင်တန်းသားတဦးချင်းစီကို စာရွက်များပေး၍ ထိုကျားမခွဲခြားသည့်အစွဲများကို ပပျောက်စေရန်မိမိတဦးချင်းဘာတွေလုပ်နိုင်မလဲဆိုသည့်အချက်ကို ရေးသားစေ၍ သင်တန်းသားများအကြားတွင် ဖတ်ပြခိုင်းပါ။ ထိုစာရွက်များကို သင်ပုန်းတွင်ကပ်ပါ။

သတိပြုရန်

- လှုပ်ရှားမှုအပိုင်း၌ ကလေးအမည်၊ ကစားစရာရွေးခိုင်းရာ အချို့သင်တန်းသားများသည် လိင်ခွဲခြားမှုအပေါ်သဘောပေါက်ပြီးသူများဖြစ်၍ အမည်များ၊ ကစားစရာများ၊ ဆုတောင်းချက်များကို ပုံစံခွက်ထဲမှဖောက်ထွက်၍ ပေးနိုင်သည်။ ထိုသို့ဖြစ်ပါက ထိုပုံစံမျိုးသည် သဘာဝမကျကြောင်း၊ ပတ်ဝန်းကျင်ကလက်ခံမည်မဟုတ်ကြောင်းဆိုကာ သူတို့တင်ပြချက်ကို ငြင်းဆိုပါ။ မိမိ၏အမူအယာသည် လက်တွေ့ဘဝတွင် ကျားမခွဲခြားမှုအစွဲရှိသည့်သူတယောက်ပုံစံမျိုးပေါက်ပါစေ။
- ကလေးများအတွက် လက်ဆောင်ပစ္စည်းရွေးခိုင်းမည်ဆိုပါက မိမိတို့ပတ်ဝန်းကျင်တွင် မိန်းကလေးများနှင့်ယောကျ်ားလေးများကို အများဆုံးခွဲခြားကစားစေသော ကစားစရာများရှာဖွေထားရန်လိုသည်။ အိုးပုတ်၊

ကော်ပတ်ရုပ်၊ ဘီး၊ ထမင်းအိုး၊ သနပ်ခါး၊ ကျောက်ပြင်၊ သူနာပြုဝတ်စုံ များကဲ့သို့သောအရာများ၊ သေနတ်၊ ဘော်လုံး၊ ဆေးထိုးအပ်၊ လေယာဉ်ပျံ၊ ဆရာဝန်ဝတ်စုံကဲ့သို့သောအရာများဖြစ်နိုင်သည်။

- သင်တန်းသားထဲတွင် သမားတော်နှင့် လူနာကလေးငယ်ဇာတ်လမ်းအား သိထားပြီးသူများပါနိုင်သည်။ ထိုသို့ပါဝင်ပါက ထိုသူများကို ချက်ချင်းအဖြေမပေးဘဲ အခြားသူများကို စဉ်းစားနိုင်အောင်အချိန်ပေး၍ စောင့်ခိုင်းပါ။ အားလုံးမဖြေနိုင်တော့မှ ထိုသူများကို အဖြေပေးခိုင်းပါ။
- လိင်ခွဲခြားမှုဖြစ်စေသော ဓလေ့ထုံးစံများ၊ စကားပုံများ၊ သီချင်းများကိုလဲ သင်တန်းပို့ချသူကိုယ်တိုင် လေ့လာစုဆောင်းထားဖို့လိုသည်၊ မိမိသိထားသည့်အချက်များကို သင်တန်းသားများအားလုံးပြောပြီးပါက ဖြည့်စွက်နိုင်သည်။